# မျှော်တလင့်လင့်



**အရှင်ဥာဏိက**

**How long is the night to the watchman; how long the road to weary is; how long is the wandering of lives ending in death for the fool who cannot find the path!**

ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာနံ သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတံ။ ။ (ဓမ္မပဒ–၆၀)

အိမ်မပျော်သူအတွက် ညတာဟာ ရှည်လျားတယ်၊ ခရီးပမ်းနေသူအတွက် ယူဇနာခရီးက ရှည်လျားတယ်၊ သူတော်ကောင်းတရားကို မသိသူလူမိုက်တို့အဖို့မှာတော့ သံသရာဟာ ရှည်လျားလှတယ်။ ။

ဟိုအရင်က စာရေးသူမှာ တစ်လတစ်ကြိမ်လောက်၊ တခါတလေ နှစ်ကြိမ်လောက် ညလုံးပေါက် အိပ်မပျော်တဲ့ ညတွေ ရှိခဲ့ဖူးတယ်၊ အဲဒီလိုဖြစ်တာ ဘယ်အချိန်ကစခဲ့တယ်ဆိုတာ အတိအကျမသိခဲ့ပေမယ့် ဒီလို အိပ်မပျော်တဲ့ ညတိုင်းမှာတော့ ငယ်စဉ်ကတည်းက ရနေခဲ့တဲ့ ဒီဓမ္မပဒဂါထာလေး စိတ်ထဲမှာ ပေါ်ပေါ်လာတတ်တယ်ဆိုတာကိုဖြင့် ခုတိုင်အမှတ်ထင်ထင်ရှိနေဆဲဖြစ်တယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကစပြီး အဲဒီလိုအိပ်မပျော်တတ်တဲ့ညမျိုး မဖြစ်တော့တာမို့ ဓမ္မပဒဂါထာလေးလဲ စိတ်ထဲမှာ အရင်ကလောက် မကြာခဏ ပေါ်မလာတတ်ခဲ့ပါဘူး။ ဒါပေမယ့် ခုတလော ရက်ပိုင်းများအတွင်းမှာတော့ ဒီဂါထာလေးကို မကြာမကြာသတိရနေမိတယ်။ သို့ပေမယ့် ဒီသတိရမှုကတော့ အရင်လို ညညများမှာ အိပ်မပျော်တာကြောင့်တော့ မဟုတ်ပါဘူး။ နောက်ပြီး ဒီဂါထာထဲမှာပါဝင်တဲ့ အကြောင်းအရာတစ်ခုခုနဲ့ လုံးဝကြီး တိုက်ရိုက်သက်ဆိုင် ပတ်သက်တာကြောင့်လည်းပဲ မဟုတ်ပါဘူး။ သတိတရဖြစ်ရတာကတော့ ကိုယ်အလွန်လိုလားတဲ့ အရာတစ်ခုကိုရရှိဖို့၊ ကိုယ်လိုလားတဲ့ အရာတစ်ခုနဲ့တွေ့ရဖို့ စောင့်စားနေရသူအဖို့ စောင့်ရချိန်ကာလဟာ အလွန်မှပဲရှည်လျားလှတယ်ဆိုတဲ့ အတွေးမျိုးကို တွေးမိနေတတ်တာကြောင့်ပါ။

ဟုတ်တယ်၊ လောကမှာစောင့်ရတဲ့အရာတွေက အတော်များတယ်၊ စာရေးသူက တောရွာမှာမွေး၊ တောရွာမှာကြီးပြင်းခဲ့ရတာ၊ ဒီတော့ ငယ်ငယ်က ကောက်စိုက်သွားတဲ့ အမေ့ပြန်အလာကို အိမ်ကနေစောင့်ခဲ့ရတယ်၊ တစ်နေ့တာ (၇) နာရီ (၈) နာရီလောက်ပေမယ့် ဒီလောက်အချိန်လောက်စောင့်ခဲ့ရတာ အလွန်ကြာတယ်ထင်ခဲ့တယ်၊ နွေအခါ တစ်နယ်တစ်ရွာ ငွေရှာသွားတဲ့ဖခင်ပြန်အလာကို မျှော်လင့်ကြီးစွာ စောင့်စားခဲ့ရဖူးတယ်၊ နောက် ကျောင်းတက်ချိန်

ရောက်ပြန်တော့ သူငယ်ချင်းတွေနဲ့ စိတ်လွတ်ကိုယ်လွတ်ပျော်ရွှင်နိုင်ဖို့ နွေကျောင်းပိတ်ချိန်ကိုစောင့်ရတာ အလွန်ကြာတယ်ထင်ခဲ့တယ်၊ နောက်ပြီး စာမေးပွဲဂေဇက်တွေ ထွက်လာမှာကိုစောင့်ခဲ့ရတယ်၊ နှစ်လ သုံးလစောင့်ခဲ့ရတဲ့ ဒီအချိန်ဟာလည်း ကြာလှတယ်ထင်ခဲ့တယ်၊ ပြီးတော့ မိတ်ဆွေတစ်ဦးကပြောပြတယ်၊ သူဆယ်ကျော်သက်မှာ ရည်းစားဦးလေးတစ်ယောက်ထားနိုင်ဖို့အရေး ကြိုးစားခဲ့တယ်၊ သူချစ်ရသူရဲ့ ချစ်တုံ့ပြန်စကားကြားရဖို့ ငါးလကျော်ကျော်ခြောက်လနီးပါးစောင့်ခဲ့ရတယ်၊ ဒါကို ခြောက်ကမ္ဘာမက ထင်ခဲ့တယ်ရယ်လို့လည်းဆက်ပြောပြတယ်၊ ငယ်စဉ်ကတည်းက ကွဲကွာသွားတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ပြန်လည်ဆုံတွေ့ရဖို့ ငါးနှစ်ကျော်ကျော် စောင့်ခဲ့ရတယ်၊ ဒါကိုလဲ အတော်ကိုကြာတယ်ရယ်လို့ ထင်မိခဲ့တယ်၊ ဒီလိုပါပဲ လူတိုင်းလူတိုင်းမှာ ပုံသဏ္ဍာန် ကွဲပြားခြားနားတဲ့ စောင့်စားစရာတွေ အသီးသီးရှိကြပေလိမ့်မယ်၊ ရုံးကိုသွားပြီး တာဝန်ခံအရာရှိနဲ့တွေ့ဖို့ စောင့်ခဲ့ကြရတာ၊ မီးမလာ ရေမလာလို့ မီးအလာ ရေအလာကို စောင့်ရတာ၊ ဘတ်စ်ကားမလာနိုင်လို့ ဘတ်စ်ကားမှတ်တိုင်မှာ မျှော်တလင့်လင့်စောင့်ခဲ့ရတာ အဆုံး စောင့်စရာတွေဆိုတာ အလွန်များပြားလှပါတယ်၊ သေချာစဉ်းစားမိတော့ စောင့်ရတာကို မလိုလားပေမယ့် စောင့်ခဲ့ရတဲ့အရာတွေဟာ ကိုယ်လိုလားတဲ့အရာတွေချည်း၊ ကိုယ်တောင့်တတဲ့အရာတွေချည်းသာဖြစ်နေတာကို အများဆုံးတွေ့ရတယ်။

ကိုယ်မလိုလားတဲ့အရာကိုလက်ခံဖို့ စောင့်ခဲရတဲ့သူတွေလည်းပဲ လောကထဲမှာရှိနိုင်ပါတယ်၊ ဥပမာ လိုအပ်သည်များကို ညွှန်ကြားဖို့ကြွရောက်လာမည့် အရာရှိကြီးကြီးတစ်ဦးကို လမ်းဘေးတနေရာ နေပူကျဲကျဲထဲကနေ တစ်နေကုန်စောင့်နေရတာမျိုး၊ ရောဂါဝေဒနာ ကြီးကြီးကျယ်ကျယ်ခံစားနေရလို့ ကျွမ်းကျင်တဲ့ဆရာဝန်တွေရဲ့ ရက်လကန့်သတ်မှန်းဆမှုနဲ့ ဆက်လက်အသက်ရှင် ရပ်တည်နေရတဲ့သူနာမျိုး၊ ပြစ်မှုတစ်ခုကြောင့် သေဒဏ်စီရင်ခံရလို့ သေမည့်နေ့ကို စောင့်နေရတဲ့သူမျိုး စသဖြင့်ပေါ့၊ သို့ပေမယ့် မလိုချင်တဲ့အရာတွေကို စောင့်နေရသူတွေအနေနဲ့တော့ ကိုယ်စောင့်နေရတဲ့အချိန် အမြန်ရောက်လာစေဖို့နဲ့ စောင့်ရတဲ့အရာကိုအမြန်ရနိုင်ဖို့ တောင့်တမိမယ်ရယ်လို့တော့ မထင်မိပါဘူး။

ကိုယ်လိုလားတဲ့အရာကို စောင့်ခဲ့ရတာတွေများလို့ စောင့်ရခြင်းဆိုတာနဲ့ရင်းနှီးကျွမ်းဝင်နေပေမယ့် ကြာသင့်တာထက်ပိုကြာလာတဲ့စောင့်ရမှုမျိုးက စိတ်ကိုပိုပြီး ပင်ပန်းစေတတ်လေစွရယ်လို့ ခံစားနားလည်လာမိတယ်၊ ဒါကိုပြောပြချင်ပါတယ်၊ စာရေးသူရဲ့စိတ်ကို အဆိုးဆုံးဒဏ်သင့်စေတဲ့ စောင့်ခဲ့ရ စောင့်နေရဆဲအရာတစ်ခုရှိတယ်၊ စောင့်ခဲ့ရတာ ကြာသလို နောင်မှာလဲ ဘယ်လောက်ကြာကြာ ဆက်လက်စောင့်နေရဦးမယ် မသိနိုင်တာကြောင့် ပင်ပန်းဆင်းရဲလွန်းလှပါတယ်၊ အဲဒါက ငယ်စဉ်က ဖေဖေပြောပြခဲ့တဲ့ ပုံပြင်တစ်ပုဒ်နဲ့လည်း ပတ်သက်နေတယ်၊ ညအိပ်ရာဝင်ခါနီးမှာ အလွန်စကားပြောနည်းတဲ့ဖေဖေက စိတ်လိုလက်ရရှိခဲ့လျှင်ဖြင့် သူ့ငယ်စဉ်အတွေ့အကြုံတစ်ခုခုကို ပြောတတ်တယ်၊ အဲဒီ အထဲမှာ ပျော်ရွှင်စရာနိုင်ငံတစ်ခု အကြောင်းလဲပါပါတယ်။

၁၉၄၀ မှာမွေးတဲ့ဖေဖေဟာ ခုဆို အသက် ၆၅ နှစ်ရှိပြီပေါ့၊ ဒီတော့ ဖေဖေငယ်ငယ်ကအချိန်တွေဆိုတာ ၁၉၅၀ ကျော်နဲ့ ၆၀ ကြားအချိန်တွေဖြစ်မှာပေါ့၊ "ဖေဖေတို့ငယ်ငယ်တုံးကပေါ့..." လို့အစချီကာ ဒဏ္ဍာရီထဲကလို ပျော်ရွှင်စရာတိုင်းနိုင်ငံတစ်ခုအကြောင်းကို ပြောတတ်တယ်၊ ဆန်ရေစပါးတွေ ပေါများကြောင်း၊ ပြည်သူပြည်သားတွေမှာလဲ အလှူ ရေစက် လက်နဲ့မကွာမို့ စည်သံပျော်သံ တညံညံနဲ့ဆိုတဲ့အကြောင်း၊ အဲဒီလို ဖေဖေက သူ့ဘဝရဲ့ရွှေထီးဆောင်းရအချိန်ကာလများကိုပြောတတ်တယ်၊ အဲဒီနိုင်ငံတစ်ခုအကြောင်း ကြားခဲ့ရတိုင်း ဖေဖေပြောတဲ့ အဲဒီနိုင်ငံမျိုးတစ်ခုကို တွေ့ရဖို့ စိတ်ထဲမှာ တိတ်တိတ်ကလေးကြိတ်ပြီး မျှော်လင့်စောင့်စားနေမိတတ်ခဲ့တယ်၊ အလွန်ကြာညောင်းပြီး ရာသီတွေ နှစ်တွေအလီလီသာ ပြောင်းသွားတယ်၊ဖေဖေပြောခဲ့တဲ့ အဲဒီနိုင်ငံမျိုးကိုတွေ့ရဖို့ ငယ်ငယ်ကတည်းကစလို့ စောင့်စားနေခဲ့ပေမယ့် ခုတိုင်လဲ မတွေ့ရနိုင်သေးပဲဖြစ်နေတယ်၊ ရွှေပြည်တော်က မျှော်တိုင်းဝေးနေဆဲပါပဲ။

ပြန်လည်စဉ်းစားမိတော့ နို့ဆာလို့ မေ့မေ့ကိုမျှော်ခဲ့ရ၊ အားကိုးလုံခြုံရာရဖို့ ဖေ့ဖေ့ကိုတမ်းတခဲ့ရ၊ ကြည်နူးမှုကို ပိုင်ဆိုင်နိုင်ဖို့ ချစ်သူအဖြေကိုစောင့်စားခဲ့ရ၊ ပျော်ရွှင်မှုကိုလိုလားလို့ သူငယ်ချင်းတွေကို ငံ့လင့်ခဲ့ရတာတွေ ရှိခဲ့တယ်၊ ဒါတွေက ကိုယ်တစ်ယောက်တည်းနဲ့သာဆိုင်တဲ့ ကိုယ်ရေးကိုယ်တာအတွက် စောင့်ခဲ့ရမှုတွေသာဖြစ်တယ်၊ အချိန်အနေနဲ့ တိုတောင်းသလို နယ်ပယ်အနေနဲ့လည်း ကျဉ်းမြောင်းပါတယ်၊ ဒါတွေကို စောင့်စားခဲ့ရတာကို ကြာညောင်းတယ်ထင်ခဲ့ပေမယ့် ခုပြန်လည်စဉ်းစားမိတော့ သိပ်ပြီးနက်နက်ရှိုင်းရှိုင်း စိတ်ကို ဒဏ်မသင့်စေခဲ့ဘူးလို့ သုံးသပ်မိတယ်၊ ဒီအရာတွေနဲ့မတူ အမေ၊အဖေ၊ ချစ်သူ၊သူငယ်ချင်းအားလုံးနဲ့အတူ ညီတူညီမျှ အေးချမ်းပျော်ရွှင်ပြီး လွတ်လပ်တဲ့ဘဝ

တွေကို ပိုင်ဆိုင်လိုလို့ ဖေဖေ့ပုံပြင်ထဲကနဲ့အလားတူတဲ့ ဒဏ္ဍာရီနိုင်ငံကို စောင့်စားနေရမှုကတော့ ပိုပြီးကြာညောင်းလှတယ်၊ ပိုပြီးတော့လည်းပဲ မောပမ်းနွမ်းလျှဖြစ်ရတယ်၊ စိတ်ကိုလည်းပဲ အဆိုးဆုံးအထိ နက်နက်ရှိုင်းရှိုင်း ဒဏ်သင့်စေခဲ့တယ်။

အိပ်မပျော်သူတွေအတွက် ညတာရှည်ပေမယ့် မအိပ်လိုသူတွေအတွက် ညတာတွေက တိုတောင်းလို့နေပေမလား၊ ပင်ပမ်းနွမ်းနယ်နေသူတွေအတွက် ခရီးတာ ရှည်လျားပေမယ့် ခရီးရှည်လှန်းလိုသူတွေအတွက် ယူဇနာခရီးက တိုတောင်းလို့ နေလေမလား၊ တရားတွေ့ချင်သူတွေအတွက် သံသရာဆိုတာရှည်လျားတဲ့အရာလို့မြင်ပေမယ့် တရားမမွေ့လိုသူတွေအတွက် ရှည်လျားတဲ့သံသရာခရီးခဲကိုပဲ တိုတောင်းတယ်လို့ ဆိုကြလေမလား မသိနိုင်ပါဘူး။ နောက်ပြီး ဖေ့ဖေ့စကားထဲက ရွှေနိုင်ငံကပဲ သာယာကြည်နူးစရာ ကောင်းလွန်းနေလို့လား၊ ဖေဖေ့ရဲ့သား (စာရေးသူ) နေနေရတဲ့ခေတ်ရဲ့ ရွှေအိုတိုင်းနိုင်ငံကပဲ ဗရုတ်ဗရက်တွေနဲ့ ရှုပ်ယှက်နေပေသမို့လားတော့လည်း မသိဘူးပေါ့။ အိပ်မပျော်နိုင်သူတွေ ညတာရှည်တာ၊ ပင်ပမ်းနေသူတွေ ခရီးတာရှည်လျားတာ၊ တရားမသိသူတွေ သံသရာရှည်လျားတာထက် လူဆိုးလူမိုက်တွေနဲ့ တွေ့ကြုံဆုံဆည်းနေရတာကြောင့် စိတ်ပင်ပန်းနွမ်းနယ်နေရတာ၊ အချိန်နဲ့အမျှ စိုးရိမ်ကြောက်လန့်ဖြစ်နေရတဲ့အတွက် အိပ်မက်ဆိုးတွေမက်နေရသလို ခံစားနေရတာက အလွန်တရာသာ၍ အခြေအနေဆိုးရွားကြောင်းနဲ့ အချိန်တွေလဲ ပိုပြီးကြာညောင်းလှကြောင်းကိုတော့ဖြင့် အခါခါ စဉ်းစားလို့ပဲ နေမိတယ်။ ။

မေလ ၁၀၊ ၂၀၀၅